mgyoe.com

စိတ်ကူးချိုချိုအနုပညာ

# မြသန်းစံ၏

# ဦးနှိမ့်ရိုကျိုး မာန်ကိုချိုးကာ

အောင်ဆန်းတောရတာပ်ဦးဆရာတော် ၏
ဘဝအကြောင်းတစေ့တစောင်းနှင့်
သမထ၊ ဝိပဿနာ အတွေ့အကြုံအဖုံဖုံ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com




သစ္စာမပါတဲ့နဲ့
နိဗ္ဗာန်ဆိုတာမမြင်နိုင်ဘူးတဲ့၊
သစ္စာမသိတဲ့ နိဗ္ဗာန်ကိုရတယ်ဆိုရင်
လိပ်တာညာတာသက်သက်ပဲ ဖြစ်မှာဆိုတဲ့၊
သစ္စသံယုတ်ကို မှီပြီးဟောတဲ့ စကားလုံးလေးကို
မိုးကုတ်ဆရာတော်ဘုရားကြီး အသံတော်ဖမ်းနေ
တစ်ဆင့်နားကြားရတဲ့အချိန်မှာ ဒီစာရေးဟာ
ဘုန်းကြီးအတွက် ရောင်ခြည်ဖြစ်ပါတယ်။
ဘုန်းကြီးဘဝအတွက် အလင်းရောင်လည်းဖြစ်ပါတယ်၊
အဲဒီတော့ သစ္စာဆိုတာ နောက်ဆုံးတော့
ဝိပဿနာကို ရည်ညွှန်းပါတယ်။
ဝိပဿနာကလွဲ၍ နိဗ္ဗာန်ရောက်ကြောင်းတရားမရှိဘူး၊

MTHS0006
1,500.00KS

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဦးနိုမ်ရိုကျိုး မာန်ကိုချိုးကာ မြသန်းစံ

အောင်ဆန်းတောရတပ်ဦးဆရာတော်၏
ဘဝအကြောင်းတစေ့တစောင်းနှင့်
သမထ၊ ဝိပဿနာ အတွေ့အကြုံ အဖုံဖုံ

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

ဦးနှိမ်ရိုကျိုး မာန်ကိုချိုးကာ၊ မြသန်းစံ
စာမျက်နှာ ၁၃၉ မျက်နှာ၊ ၁၃ စင်တီ× ၁၈ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
၂၀၀၂၊ အပ္ပမာဒစာစဉ် ပထမအကြိမ်မှု

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူအားလုံးတို့တွင်
တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

mgyoe.com

mgyoe.com

# အပ္ပမာဒေါ အမတံ ပဒံ

ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

mgyoe.com

mgyoe.com

⊙ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

⊙ ဓမ္မံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရား၏ တရားတော်ကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။


⊙ သံဃံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အပေါင်းကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



မဟာကမ္ဘဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ
အောင်ဆန်းတောရတပ်ဦးဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ

mgyoe.com


mgyoe.com



ချိုးနားဆရာတော် (သို့) မေတ္တာဆရာတော် သဒ္ဓမ္မကိတ္တိသာရ

mgyoe.com

mgyoe.com




စိတ်ရှည်၊ သည်းခံ၊ ဇွဲသန်၊ ပြုရန်သာသနာ ဟူသော
အဆုံးအမကို ခံယူ၍ အပြုံးစများဖြင့် အမြဲရွှင်ကြည်လန်းဆန်းနေသော
အောင်ဆန်းတောရ တပ်ဦးဆရာတော်

mgyoe.com

mgyoe.com






မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း
ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ရှင်းလင်းဟောပြတော်မူနေပုံ

mgyoe.com

mgyoe.com



အောင်ဆန်းဆရာတော်၏ မွေးသမိခင်
ကျေးဇူးရှင် မယ်တော်ကြီး
ဒေါ်မြလေးစိန်

mgyoe.com


mgyoe.com



အောင်ဆန်းဆရာတော်၏
ကျေးဇူးရှင် ဖခမည်းတော် ဦးကျင်မောင်

mgyoe.com

mgyoe.com




အောင်ဆန်းဆရာတော်နှင့် စာရေးသူ

mgyoe.com

mgyoe.com





အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်၌
ဒုလ္လဘရဟန်းဘဝဖြင့် "ဦးနိုမ်ရိုကျိုး မာန်ကိုချိုးကာ" စာအုပ်ကို
ရေးသားခဲ့သော စာရေးသူ

mgyoe.com

mgyoe.com



## မြေလတ်မင်းလွင်၏ စကား

ကျွန်တော်သည် ၂၃–၆–၂၀၀၂ နေ့က အောင်ဆန်းတောရ တပ်ဦး ကျောင်းသို့ ရောက်ခဲ့သည်။ အကြောင်းမှာ ဗိုလ်မှူးကြီး စိုးဝင်း+ ဒေါ်ခင်စိုးကြည် မိသားစုတို့၏ ဘုရားအနေကဇာတင်ပွဲ ဖိတ်သော ကြောင့်ပင်။ ဤတွင် "ဦးနှိမ်ရိုကျိုး မာန်ကိုချိုးကာ"စာမူအတွက် အမှာစာရေးပေးရန် အခွင့်ဖန်လာတော့သည်။

ဆရာမြသန်းစံသည် ယင်းကျောင်းတိုက်တွင် ဒုလ္လဘဝတ် ၍ ရက်ရှည် တရားအားထုတ်နေသည်။ တရားအားထုတ်နေရင်းမှ ဆရာတော့်အပေါ် အနီးကပ်ဖူးတွေ့ ကြည်ညိုရပုံတို့ကို စာပန်းချီ ခြယ်သကာ ကြွယ်ဝသော ဝေါဟာရစကားလုံးတို့ဖြင့် မွမ်းမံထား သည့် "ဦးနှိမ်ရိုကျိုး မာန်ကိုချိုးကာ" စာအုပ်စာမူတစ်ခု ပေါ်ထွက် လာခဲ့သည်။ ယင်းစာမူပေါ်ပေါက်လာခြင်းအတွက် ကျွန်တော့် မှာ ဝမ်းမြောက်ရသည်။ ဆရာမြသန်းစံအား ကျေးဇူးတင်ရသည်။ အဘယ့်ကြောင့်ဆိုသော် စာပေနယ်တွင် ထင်ရှားသည့် ဆရာ မြသန်းစံတစ်ယောက် အောင်ဆန်းဆရာတော်အတွက် အချိန်ပေး ကာ အေးဆေးစွာပူဇော်၍ စာမူတစ်မူဖြစ်ပေါ်လာခြင်းကြောင့်ပင်။

mgyoe.com

mgyoe.com



ဆရာတော်ဘုရား၏ အကြောင်းနှင့်စပ်လျဉ်းသည့် ဤကဲ့သို့သော စာအုပ်တစ်အုပ် ဖြစ်ပေါ်လာရေးအတွက် ကျွန်တော်တို့တွင်လည်း အမှန်တကယ်ပင် တာဝန်ရှိခဲ့ပါသည်။ သို့သော် စားဝတ်နေမှု အစုစုတို့ကြောင့် ဆရာတော်ဘုရားနှင့် စပ်လျဉ်းသည့် စာအုပ်တစ်အုပ် ရေးသားနိုင်သည့်အချိန်သို့ပင် မရောက်ဖြစ်ခဲ့ပါ။ ထို့ကြောင့်ပင် ဆရာမြသန်းစံအား ကျေးဇူးတင်ကြောင်း၊ ဝမ်းမြောက်ကြောင်း စသည့် အာလာပ သလ္လာပ စကားတို့ဖြင့် ပြောဖြစ်ကြသည်။

'ဆရာမြေလတ်ရေ၊ ကျေးဇူးတင်ဝမ်းမြောက်နေရုံနဲ့ မပြီးသေးဘူးနော်။ ဒီစာအုပ်ကို ဆရာတို့အမြင်နဲ့ သုံးသပ်ချက်ကိုလည်း အမှာစာရေးပေးကြပါဦး'ဟု ဆရာမြသန်းစံက ဆိုလာပါသည်။

ရော...။ ခက်ပြီ။ ရေးသားပူဇော်ခံရသည့် ပုဂ္ဂိုလ်က 'မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၊ ရေးသားပူဇော်သူက အနုပညာလောကတွင် အဘက်ဘက်မှအောင်မြင်နေသည့် ဆရာမြသန်းစံ၊ အမှာစာရေးသားရမည့်သူက ကျွန်တော်။ ကဲ... အမြင်မတော် ဆင်တော်နဲ့ ခလောက်လို့ပဲ ပြောရမလား။ လမင်း၏အလင်းရောင်ကို ပိုးစုန်းကြူးက ဖြည့်ဆည်းပေးသည်နှင့် တူသည်ဟုပဲ ဆိုရလေမလား။ စိတ်ထဲတွင်တော့ မချင့်မရဲ တနင်နင်ဖြစ်နေမိသည်။

သို့သော် ကျွန်တော်၏နှုတ်မှ ဟုတ်ကဲ့ပါဟူသော စကား

mgyoe.com

mgyoe.com

ကြုံ ဘာမျှမထွက်ဖြစ်ခဲ့။ သို့နှင့်ပင် ထိုနေ့က ကျွန်တော်တို့ း ခွဲကာ ပြန်ခဲ့ကြတော့သည်။

၈-၇-၂၀၀၂နေ့က ကိုသောင်းဝင်း (ချစ်ဘုန်းလူ) အိမ် ရောက်လာသည်။ 'ဦးနိမ်ရိုကျိုး မာန်ကိုချိုးကာ' စာမူလည်းပါလာ သည်။ အမှာစာရေးရန်အတွက် ဖတ်ဖို့ယူလာခြင်း ဖြစ်သည်ဟု ဆိုသည်။ ဘယ်နည်းနှင့်မဆို အမှာစာရေးရန် 'တာဝန်ကား ကျွန်တော့်လက်ထဲသို့ လုံးလုံးလျားလျား ရောက်လာခဲ့တော့ သည်။

ကျွန်တော်သည် 'ဦးနိမ်ရိုကျိုး မာန်ကိုချိုးကာ' စာမူကို အစမှ အဆုံး ဖတ်ဖြစ်ခဲ့သည်။ ဖတ်ဖြစ်သည်နှင့်အမျှလည်း ကျွန်တော့် စိတ်ဓာတ်ခွန်အားများ တဖွားဖွား ပွားစီးတိုးတက်လာခဲ့သည်။

ရေးသားပူဇော်ခြင်း ခံရသည့် ဆရာတော်ဘက်ကို ကြည့်၍ လည်း 'ဆရာတော်သည် ငယ်စဉ်တောင်ကျေး ကလေးအရွယ် ကတည်းက စ၍ပင် ညင်သာသောအပြော၊ ချောမောသောရုပ် ရည်၊ တည်ကြည်သောစိတ်ဓာတ်၊ ဖြောင့်မတ်သော စာရိတ္တ စသည်တို့ကို ပိုင်ဆိုင်ကာ အများအကျိုးသယ်ပိုးလိုသော စိတ် ဆန္ဒတို့ဖြင့် ပရဟိတအကျိုးကို သယ်ပိုးကာ ဘဝလျှောက်လမ်း ကို မငြီးတမ်း လျှောက်လှမ်းခဲ့သည်'

'ဆရာတော်သည် မှန်သည်၊ မှားသည်ကို အသာထား။ မိမိ မျှော်မှန်းထားသည့် ပန်းတိုင်ကို ဖြောင့်မတ်တည်ကြည်သော စိတ်ကို မွေးမြူပွားတိုးစေလျက် ခက်ခက်ခဲခဲ ဖြတ်သန်းသွားလာ

mgyoe.com

mgyoe.com



ရသော ဂန္ဓာရီတောမှီသည့် အကျင့်ကိုလည်း တစ်ယောက်ထီး တည်း သည်းထန်စွာ ကျင့်ကြံအားထုတ်ခဲ့သည်'

'ဆရာတော်သည် စမ်းတဝါးဝါးဖြင့် ရမ်းသွားနေသည့် အဖြစ်ဟု သိလျှင်သိချင်း လက်ငင်းစွန့်ခွာလျက် သာသနာတော် အတွက် အသက်ကိုပင် ပေးစွန့်၍ မရွံ့မထိတ် ခြသေ့်စိတ်ဖြင့် အိပ်နေ၊ အစား၊ စကားနည်းစွာ အားခဲကာဖြင့် မာနကင်းလွတ် သူတော်စတတ်ဖြင့် မပြတ်နေ့ည တရားဘာဝနာကိုသာ ပွားများ အားထုတ်ခဲ့သည်'

'ဆရာတော်သည် အများအကျိုး ဆောင်သယ်ပိုး၍ နိုးကြား အားမာန် တိုးအားသန်ကာ ရန်သူမိတ်ဆွေ ခွဲခြားမနေဘဲ ပေးဝေ မေတ္တာ မြတ်သစ္စာဖြင့် ခန္တီဉာဏ်စိုက်၊ သစ္စာကိုက်အောင် တိုက် တွန်းညွှန်ပြ ကရုဏာကြွ ဗလဝဖြင့် ဓမ္မအမွေကိုလည်း မျှဝေ ဖြန့်ကြဲတော်မူခဲ့သည်'

'ဆရာတော်သည် မြူတိမ်ကင်းကွာ လစန္ဒာလို နေရာနှံ့စွာ သာချင်းသာသို့ ပမာထပ်တူ၊ များပြည်သူအား ယူကြပါစေ၊ ရကြ စေဟု ပေးဝေဓမ္မ အေးစေကြဟု ရှုပလှခြင်း၊ မလှခြင်းနှင့် ဆင်းရဲ ချမ်းသာ မခွဲပါဘဲ ပမာရင်မှ မွေးဖွားရသည့် သားလှရတနာ ကောင်းကျိုးဖြာအောင် နှစ်ဖြာမိဘ စွမ်းဆောင်ကြသို့ ဓမ္မဒေသနာ ရေဇလာကို ကျွေးကာ၊ တိုက်ကာ၊ ချိုးစေကာဖြင့် ဘယာကင်းပ ချမ်းသာရအောင် ရင်မှမေတ္တာ ပြည့်ဝစွာဖြင့် အကြင်နာဆင်ကာ မယှဉ်သာအောင် ဆင်ကာပြင်ကာ ခြယ်သကာလည်း ပေးတော် မူခဲ့သည်' စသည်... စသည်... စသည်... တို့ကို ဖတ်ရှုရသည်။

mgyoe.com

mgyoe.com



ဤနေရာတွင် စာရေးသူအပေါ် ကျွန်တော့်အမြင်ကိုလည်း အနည်းငယ် တင်ပြလိုသည်။ 'ဆရာသည် ထူးသည်ဆိုလျှင် စမ်းချင်၍ ဆန်းသည်ဆိုကာ သွားချင်ခဲ့သည်'

'ဆရာသည် ခုနစ်နှစ်တိုင်တိုင် တရားဓမ္မကို သဒ္ဒါဗလဝဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သည်'

'ဆရာသည် အောင်ဆန်းဆရာတော်ဘုရား၏ မေတ္တာရိပ်အောက် ရောက်စဉ်မှာပင် ဘဝင်လည်းငြိမ်းချမ်းကာ ကြက်သီးဖြန်းဖြန်းပင် ထမိခဲ့ရသည်'

'ဆရာသည် အောင်ဆန်းဆရာတော်၏ ဟောကြားမှု၊ မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဆုံးမမှုကို ခံယူရသောအခါ ခန္ဓာအပေါ် အမြင်ရှင်း၍ ဉာဏ်လည်းလင်းခဲ့ရသည်'

'ဆရာသည် အောင်ဆန်းဆရာတော်နှင့် တွေ့မှ 'ဟိုနေရာ မနေချင်၊ ဒီအစာ မစားချင်၊ ဟိုအရပ်မသွားချင်' စသော ဇီဇာကြောင်မှုများကင်း၍ ဘဝခန္ဓာအိမ်ကို တည်ငြိမ်အေးဆေးအောင် ထားနိုင်ခဲ့သည်' စသည်... စသည်... စသည်တို့ကို ဆရာ့စာမူတွင် ဖတ်ရှုရသည်။

စာရှုသူများအနေဖြင့် အပူဇော်ခံဖြစ်သည့် ဆရာတော်၏ ဘဝလမ်းခရီးကိုကြည့်၍ အတုပဲယူယူ၊ စာအုပ်ပါ ဆရာတော်၏ အဆုံးအမတို့ကိုပဲ လိုက်နာ လိုက်နာ၊ ဘဝတစ်ခုအတွက် အတိုင်းအတာတစ်ခုထိအောင် တိုးတက်ကြီးပွားလာနိုင်ပေသည်။

ထို့အတူ စာရေးတင်ပြသူ၏ စရိုက်လက္ခဏာ သဘာဝ၊ အမူအကျင့်တို့ကို ဖတ်၍၊ မှတ်၍ အတုယူ လိုက်နာမည်ဆိုပါက

mgyoe.com

mgyoe.com



လည်း ဘဝတွင် အောင်မြင်ရေးလမ်းစများ တဖွားဖွားပေါ်လာနိုင်ပေသည်။

ချုပ်၍ဆိုရသော် ဤစာမူကို ဖတ်ရှုလိုက်နာ ကျင့်သုံးခြင်းဖြင့်ကား တစ်စုံတစ်ခုသော ကောင်းကျိုးတရားတို့ တိုးပွားကာ များစွာသော အအေးဓာတ်တို့ ထွေးပတ်လျက် ဖြောင့်မတ်တည်ကြည်သော ဘဝကို ပိုင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

လေးစားလျက်
မြေလတ်မင်းလွင်
၁၂ – ၇– ၂၀၀၂

❒

mgyoe.com

mgyoe.com



## ဓမ္မပုံရိပ်လွှာနှင့် ပတ်သက်၍

ဆရာမြသန်းစံ၏ "ဦးနိမ်ရိုကျိုး မာန်ကိုချိုးကာ" ဟူသော အခန်းဆက် ဆောင်းပါးရှည်ကို "နေလ" ဂမ္ဘီရဂျာနယ်တွင် ဖတ်ရှုရသည်မှာ သုံးလေးပတ်ရှိပါပြီ။ ပြတ်တောင်း ပြတ်တောင်းဖတ်ရသဖြင့် တရုတ်ဇာတ်လမ်းတွဲများကို ကြည့်ရသကဲ့သို့ မချင့်မရဲ ဖြစ်နေသည်။ ကျွန်တော်သည် ဆရာမြသန်းစံ ရည်ညွှန်းရေးသားသည့် ဆရာတော်နှင့် အတန်ငယ်ရင်းနှီးသဖြင့် ဆရာတော်ထံ အပူကပ်လျှောက်ထားမိရာမှ ဆရာမြသန်းစံ၏ စာမူကြမ်းတစ်ပုဒ်လုံးကို (အခြားသော နေလဂျာနယ် ပရိသတ်များထက် အခွင့်အလမ်းပိုစွာ) ဖတ်ရှုခွင့်ရခဲ့ပါသည်။

ဆရာမြသန်းစံနှင့် ဆရာတော်တို့ တွေ့ဆုံကြသည့် တဒင်္ဂလေးများဖြင့် ဖွဲ့စည်းထားသည့် စာစုဖြစ်သည်။ တစ်နည်းဆိုသော် ဆရာတော်၏ ဘဝကောက်ကြောင်းလေးများကို နောက်ခံထား၍ ဓမ္မဖြင့် အရောင်ခြယ်ထားသည့် စာစုဖြစ်သည်။

mgyoe.com

mgyoe.com



ဤစာစုပါ အကြောင်းအရာများသည် များသောအားဖြင့် ကျွန်တော်သိရှိပြီး အကြောင်းအရာများသာ ဖြစ်ပါသည်။ သို့ရာတွင် အကြောင်းအရာကို ချဉ်းကပ်ရာ၌ သူနှင့် ကျွန်တော် ချဉ်းကပ်ပုံချင်း ကွာသည်။ ကျွန်တော်က အတ္တုပ္ပတ္တိဆန်ဆန် အချက်အလက် ဦးစားပေး ချဉ်းကပ်ပြီး သူက ဓမ္မအခြေခံသည့် ရသဦးစားပေး ချဉ်းကပ်ထားသဖြင့် နူးညံ့သိမ်မွေ့သည်ဟု ဆိုရပါမည်။ အကယ်၍ ဤအကြောင်းအရာများကို ကျွန်တော်သာရေးရပါက စက်ရုပ် (Robot) လမ်းလျှောက်သည့်နှယ် ခြေကားရား၊ လက်ကားရားဖြင့် တောင့်တောင့်ကြီး လျှောက်နေမည်ဖြစ်ပြီး ဆရာမြသန်းစံ သုံးသပ်သလို ယမင်းရုပ်ကကြိုးသွယ်သည့်နှယ် ကြည့်ကောင်းလိမ့်မည် မဟုတ်ပေ။

ဤသည်မှာ အကြောင်းအရာတစ်ခုတည်းကိုပင် ရှုမြင်သူ ပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တအခံဓာတ်ချင်း ကွာဟမှုဟု ဆိုနိုင်ကောင်းပါသည်။

ပုံစံပြရလျှင် ဆရာတော်၏ "ပလ္လင်ဖွင့်ဘုရားရှိခိုး"ကို ဆရာမြသန်းစံ ချဉ်းကပ်ထားသည်ကို ပြရပါမည်။ ဤပလ္လင်ဖွင့်ကို ဆရာတော်တရားဟောတိုင်း ရွတ်ဆိုပါသည်။ ကျွန်တော်လည်း အထပ်ထပ် နာကြားရဖူးပါသည်။ ကျွန်တော်ကဲ့သို့ပင် ယောဂီပေါင်း ထောင်သောင်းမကလည်း ကြားနာဖူးကြပါသည်။ သို့ရာတွင် (ကျွန်တော့်အနေဖြင့် အမှန်ကိုဝန်ခံရပါမူ နားထောင်ကောင်းသည်မှအပ) ဆရာမြသန်းစံကဲ့သို့ ရသပေါ်အောင် မခံစားနိုင်တော့ပါ။ ရသပေါ်အောင် မခံစားမိခဲ့ပါ။ ခံစားမိသည့်တိုင် မဖော်

mgyoe.com

mgyoe.com



ကျူးနိုင်ခဲ့ပါ။ ဖော်ကျူးရသည့်တိုင် ဤမျှပြည့်စုံအောင် ဖော်ကျူး နိုင်မည် မဟုတ်ပါ။ ဤသည်ပင် ဆရာမြသန်းစံ၏ ကျွန်တော် တို့ထက်သာသော ဓမ္မဓာတ်ခံပင် ဖြစ်ပါသည်။

ကျွန်တော် အမှတ်မဲ့ထားမိခဲ့သည့် ဤ "ပလ္လင်ဖွင့်"နှင့် ပတ်သက်၍ ဆရာတော်၏ မိန့်ရှိချက်များအရ ဓမ္မကို အလေး ထားပုံ၊ ဆရာကို ဂါရဝပြုပုံ၊ အားကိုးပုံတို့ကို ဖတ်ရှုရမှ ဆရာ တော်ကို ပိုမိုကြည်ညိုသဒ္ဓါပွား လေးစားမိရပါသည်။ ထို့ကြောင့် ဤပလ္လင်ဖွင့်သည် ဆရာတော်၏ ဘဝဖြစ်သကဲ့သို့ ဤစာစု၏ အသက်ဟုလည်း ဆိုချင်ပါသည်။

တစ်ခု ပြောလိုပါသေးသည်။

ဤစာစုတွင် ပါဝင်သည့် ဆရာတော်၏ အတိတ်ဇာတ် ကြောင်း သို့မဟုတ် ဂန္ဓာရီကျင့်စဉ် ခရီးပင် ဖြစ်ပါသည်။ ကျွန်တော်သည် ဆရာတော်၏ သာသနာပြုဆိုင်ရာ ဆောင်းပါး များကို အများဆုံးရေးလျက်ရှိသူဖြစ်ရာ ယခုဆောင်ရွက်ဆဲ ပဋိ ပတ်ကျင့်စဉ်ကိုသာ ဦးစားပေး ဖော်ညွှန်းလေ့ရှိပါသည်။ ဂန္ဓာရီ ကျင့်စဉ်ကိစ္စကိုမူ (အတန်အသင့်သိသော်လည်း ကျွန်တော့်အနေ ဖြင့် ဦးတည်ချက်လွဲမှားသည့် ကျင့်စဉ်တစ်ခုဟု ယူဆသဖြင့်) မသိကျိုးကျွန်ပြုခဲ့သည်က များပါသည်။ ဆရာတော်၏ ပဋိပတ် တပည့်ယောဂီများ အမြင်လွဲမှားမည်စိုး၍လည်း ဂန္ဓာရီကိစ္စကို အတတ်နိုင်ဆုံး ရှောင်လွှဲခဲ့ပါသည်။ ယင်းကိစ္စမျိုးသည် ဆရာ တော်ကဲ့သို့သော အကျော်ဒေယျ ကမ္မဋ္ဌာနာစရိယတစ်ပါးအတွက် အမည်းစက်တစ်ခုဟု ထင်မြင်နေပါသည်။ ခေတ်ကာလ အခြေ

mgyoe.com

mgyoe.com



အနေအရ ဟိုပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်ဆိုသည်နှင့် ရောထွေး ထင်မြင်သွားမည် စိုးပါသည်။ အမှန်မှာ ကျွန်တော် အစိုးရိမ်လွန်ခြင်းဖြစ်ကြောင်း ယခု ဆရာမြသန်းစံ၏ စာစုကိုဖတ်ရမှ သတိမူမိရပါသည်။

အမြင်များသည် တစ်သမတ်တည်း ဖြစ်မနေပါ။ ပြောင်းလဲတတ်ပါသည်။ ဘဝသမိုင်းကြောင်း၌ တစ်လျှောက်လုံး ဖြူစင်နေသူဟု မရှိစကောင်းပါ။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ပုထုဇဉ်သားပီပီ ကိုယ်ထင်ရာ၊ ကိုယ်ယုံကြည်ချက်၊ ကိုယ့်သမိုင်း ကိုယ်ရေးခဲ့ကြသည်သာ ဖြစ်ပါသည်။

ဘုရားရှင်လက်ထက်က တမ္ဗဒါဠိကကဲ့သို့သော ဓားပြကြီးများ၊ အင်္ဂုလိမာလကဲ့သို့သော လူသတ်သမားကြီးများ၊ ဗာဟိရဒါရုစီရိယ၊ ဇမ္ဗုကတို့ကဲ့သို့သော လူညာကြီးများ၊ မိမိတို့၏ အကျင့်ကို အမှန်ဟူသော တကယ့်ယုံကြည်ချက်ဖြင့် နှစ်ပေါင်း ငါးဆယ်ကျော် ကျင့်ခဲ့ပြီးမှ ဘုရားရှင်နှင့်တွေ့၍ လမ်းစဉ်မှားမှန်း သိရသဖြင့် ချုံးပွဲချငိုကြရသည့် ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့ကဲ့သို့သော တက္ကဒွန်းကြီးများပင် အမြင်များပြောင်းလဲ၍ ကျွတ်တမ်းဝင် ရဟန္တာကြီးများအဖြစ် သာသနာ့သမိုင်းတွင် ထင်ရှားရှိခဲ့ဖူးကြောင်း သတိမူမိခဲ့ရသည်။

ဤသို့နှယ် ကျွန်တော်မရေးရဲသော ထိုဂန္ဓာရီကိစ္စကို ဆရာမြသန်းစံက ပါးပါးလျလျ ခြယ်သသွားသည်မှာ ဆရာတော်၏ ပုံရိပ်လွှာကို အားဖြည့်သည့် စုတ်ချက်ကလေးပင် ဖြစ်နေသေးတော့သည်။

mgyoe.com

mgyoe.com



နောက်တစ်ခု ပြောလိုပါသေးသည်။

တစ်နေ့ ဆရာတော်နှင့်ပတ်သက်၍ ကျွန်တော်နှင့် ရင်းနှီးသည့် ဓမ္မကထိက ဆရာတော်တစ်ပါးက "ခင်ဗျားတို့ ဆရာတော် ဘုန်းကြီးလှတယ်ပြောတယ်၊ ဘာလို့လဲဗျ"ဟု မေးလာပါသည်။ ထိုအခါ ကျွန်တော်က ဆရာတော်၏ပါရမီ၊ အတိတ်ပုဉ်းကံ (ဘုန်းကံ) များ၊ မမြင်ရသည့် အားအစွမ်းများကို မပြောပြနိုင်ပါကြောင်း၊ မြင်သည်ကိုပြောရလျှင်...

– ဆက်ဆံရေး ပြေပြစ်မှု

– ဂါရဝ၊ နိဝါတထားမှု

– သဒ္ဓါ၊ ဝီရိယအားကောင်းမှုတို့ ဖြစ်နိုင်ကြောင်း၊ ဆက်လက်၍ (ဘုန်းကြီးစာချသည့်အနေဖြင့်) ဗြာဟ္မဏ ပညာရှင်ကြီးများက ဘုရားရှင်ကို ချီးကျူးလေ့ရှိသည့် စကားလေးများကို ထည့်သွင်းလျှောက်ထားသဖြင့် ထိုဆရာတော်က ပြုံး၍ ခေါင်းညိတ်ပါသည်။

– ပုဗ္ဗဘာသီ = (စကားပြောသည့်အခါ) ပြုံးပြုံးလေး စ၍ ပြောတတ်သူ၊

– အဗ္ဘာကုဋိကော = မျက်နှာတည်၊ မျက်နှာထားဖြင့် (မျက်မှောင်ကုတ်ကြီးဖြင့်) နေလေ့မရှိသူ၊

– ဥတ္တာနမုခေါ = မျက်နှာထားပေါ်လွင်သူ

ဤသည်တို့မှာ ဗြာဟ္မဏပဏ္ဍိတ်ကြီးများက ဘုရားရှင်အပေါ်ကို ရှုမြင်သုံးသပ်မှုများ ဖြစ်သည်။ အနီသဘောကလေးများကိုလည်း ဤစာစဉ်တစ်နေရာတွင် ဖတ်ရှုရပါသည်။

mgyoe.com

mgyoe.com



ခြုံ၍ဆိုရပါမူ ဤစာစုမှာ သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ ထေရုပ္ပတ္တိဟု ဆိုနိုင်ကောင်းသော်လည်း ပုဂ္ဂိုလ်၏ဂုဏ်ကို အသားလွတ် ချီးပနေခြင်းမဟုတ်ပါ။ ကျွဲကူးရေပါသဘောဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ ပုံရိပ်လွှာကို (တကယ့် စာရေးဆရာပီပီ) စူးရှသောအမြင်၊ နူးညံ့သောအတွေး၊ သွက်လက်သော အရေးတို့ဖြင့် ပုဂ္ဂိုလ်၏ပုံရိပ်လွှာကို ပါးပါးလေးဖော်ပြကာ ဓမ္မဘက်သို့ ဦးတည်ခေါ်ဆောင်သွားသည့် ဆရာမြသန်းစံ၏ ရသမြောက်သော အနုပညာ ပစ္စည်းတစ်ခုသာ ဖြစ်ပါ၏– ဟူလို၏။

ချစ်ဘုန်းလူ
၉– ၇–၂၀၀၂

❒

mgyoe.com

mgyoe.com

# ဦးနှိမ်ရိုကျိုး မာန်ကိုချိုးကာ

## (၁)

ငုဝါပန်းတို့ ပင်လုံးကျွတ်မျှ ပွင့်ချေပြီ။

'အရိယာဝိဇ္ဇာ' ဓမ္မာရုံအနီးရှိ ငုဝါပင်ကြီးသည် ပင်လုံးပျောက်မတတ် ဝါထိန်နေတော့သည်။ ဓမ္မာရုံအောက်ထပ်သို့၊ ဆွမ်းစားဆောင်သို့၊ အဆင်းလှေကားများပေါ်သို့ ငုဝါပွင့်ဖတ်တွေ လွင့်ဝဲကြွေကျနေသည်မှာ နင်းရက်စရာမရှိ။ ဓမ္မာရုံအပေါ်ထပ် တရားဟော၊ တရားထိုင် ခန်းမကြီးပေါ်သို့ အတက်လှေကားထစ်များ၌လည်း ငုဝါပွင့်ဖတ်တို့ ပြန့်ကျဲနေလေသည်။

ဆွမ်းစားဆောင်နှင့် တရားဟောခန်းမ နှစ်ထပ်ဆောင်ကြီးကို 'အရိယာဝိဇ္ဇာ' ဓမ္မာရုံဟု အမည်ပေးထားသည်။ နွေသရုပ်သည် ဓမ္မာရုံပတ်ဝန်းကျင်၌ ထင်ရှားပေါ်လွင်နေသည်။ အတာကူး၍ ကောဇာသက္ကရာဇ် တစ်နှစ်ပြောင်းတော့မည်။ တစ်နှစ်တစ်ခါလာနေကျ ပိတောက်၏ အရိပ်အယောင်ကိုတော့ မတွေ့ရသေးပေ။ သင်္ကြန်လက်ဆောင်မိုး မရွာသေး၍လည်း ဖြစ်မည်။

mgyoe.com

mgyoe.com



ကျွန်တော်သည် ဓမ္မာရုံအနီး ငုဝါပင်အောက်၌ ရပ်မိလျက်သား ဖြစ်နေသည်။ ဓမ္မာရုံအပေါ်ထပ် တရားခန်းမဆောင်ကြီးသည် ဟင်းလင်းပြင်ဖြစ်ကာ ငြိမ်သက် တိတ်ဆိတ်နေတော့သည်။ ခုနအချိန်အထိ ဤဓမ္မာရုံကြီးပေါ်တွင် တရားဟောသံတွေ၊ ဆရာ–ဒကာ အမေးအဖြေသံတွေနှင့် လှုပ်ရှား အသက်ဝင်နေသေးသည်။ ယခုတော့ ခုနစ်ရက် တရားစခန်းဝင် ယောဂီတို့သည်လည်း နေအိမ်များဆီသို့ ပြန်သွားကြပြီဖြစ်သဖြင့် ဓမ္မာရုံပတ်ဝန်းကျင်သည် ခြောက်ကပ် တိတ်ဆိတ်နေလေသည်။

သို့သော် များမကြာမီအချိန်တွင် နောက်ထပ် ယောဂီအသစ်တွေ ထပ်မံရောက်ရှိလာပေဦးတော့မည်။ သည်တစ်ခါတော့ ယောဂီပေါင်း ၁၀၀၀ ကျော်မည်တဲ့။ ဒုလ္လဘရဟန်းချည်းပဲ အပါး ၂၀၀ ကျော်လောက်ရှိမည်တဲ့။ သင်္ကြန်ရုံးပိတ်ရက်အတွင်း တရားစခန်းသို့ မဖြစ်ဖြစ်အောင် ဝင်ကြသော ယောဂီတို့၏ သဒ္ဓါတရားကို လေးစားကြည်ညိုမိပါသည်။ အချို့ယောဂီများသည် နေရာထိုင်ခင်း မရှိတော့သဖြင့် တရားစခန်းမဝင်ရဘဲ ပြန်သွားရခြင်းအတွက် ပဓာနနာယကဆရာတော်မှာ စိတ်မကောင်းဖြစ်မိသည်ဟုလည်း ကြားသိနေရသည်။

ဤမျှအထိ ယောဂီများ အုတ်အော်သောင်းတင်း ကြိတ်ကြိတ်ခဲမျှ တရားစခန်းလာဝင်သည့် နေရာကား မည်သည့်နေရာပေနည်း။ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက် ဖြစ်ပါသည်။ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်သည် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်

mgyoe.com

mgyoe.com



ပြန့်ပွားရေး အဖွဲ့ခွဲအမှတ်စဉ် (၇၇) လည်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိုးကုတ်ဥပနိဿယခံ တိုက်ခွဲအမှတ် (၇၇) ပင်တည်း။

ပဓာန နာယကဆရာတော်မှာ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ အောင်ဆန်းတောရ တပ်ဦးဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ ဖြစ်ပါသည်။

ကျွန်တော်သည် ဤရိပ်သာသို့ ယောဂီအဖြစ် ဒုတိယ အကြိမ် ရောက်ခဲ့ရခြင်းပင်။ ပထမအကြိမ်မှာ ဤရိပ်သာ၌ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလက ဖွင့်လှစ်ခဲ့သော ၈၁ ကြိမ်မြောက် ၁၅ ရက် အထူးတရားစခန်းတုန်းက ဖြစ်သည်။ ထိုစဉ်က အမျိုးသားယောဂီ၊ လူဝတ်နှင့်။ ယခု ၈၃ ကြိမ်မြောက်၌ ဒုလ္လဘရဟန်းဘဝနှင့်။ မိုးကုတ်ဆရာတော်ဘုရားကြီး၊ မိုးကုတ်တရားစခန်း၊ အောင်ဆန်းမိုးကုတ်ရိပ်သာ၊ အောင်ဆန်းဆရာတော်တို့နှင့် ကျွန်တော် မည်သို့ဆက်စပ် ပတ်သက်လာရပါသနည်း။

ပုဗ္ဗေစ ကတပုညတာ ရှေးကပြုခဲ့သော ကောင်းမှုတွေ ရှိခဲ့၍ဖြစ်မည်။ အကြောင်းရှိခဲ့၍သာ အကျိုးတွေ ဖြစ်လာရခြင်းပင်။ မေတ္တာပို့သရာ၌ မြင်အပ်၊ မမြင်အပ်သော သတ္တဝါတွေဟု ရွတ်ဆိုကာ မမြင်အပ်သောသတ္တဝါတွေကိုပင်လျှင် မေတ္တာပို့ရသလို အကြောင်းကံ၌လည်း မြင်ရ၊ မမြင်ရသော အကြောင်းတွေ အများကြီးရှိနေပေသည်။ ထိုအကြောင်းကြောင်းတွေကြောင့်ပင် လျှင် ကျွန်တော်သည်လည်း ကျေးဇူးတော်ရှင် အောင်ဆန်းဆရာတော်၏ မေတ္တာရိပ်အောက်သို့ ရောက်ရှိလာခဲ့ရသည်ဟု ဆိုနိုင်

mgyoe.com

mgyoe.com



ပါသည်။ သို့သော် ကျွန်တော်သည် အောင်ဆန်းဆရာတော်၏ မေတ္တာရိပ်အောက်သို့ ဆရာတော်နှင့် တွေ့ဆုံပြီးပြီးချင်း ချက်ချင်းလက်ငင်း ရောက်ရှိလာသည် မဟုတ်။ ဟိုကောက်ကွေ့၊ သည်ကောက်ကွေ့နှင့် နှစ်အတန်ကြာပြီးခါမှ ဆရာတော်ထံ ရောက်ခဲ့ရခြင်းပင်တည်း။

(၂)

လွန်ခဲ့သော ငါးနှစ်ကျော်ခန့်က ဖြစ်သည်။

ထိုစဉ်က ကျွန်တော်သည် ဝန်ထမ်းဘဝမှ အငြိမ်းစားမယူရသေး။ ဝန်ထမ်းတာဝန်တစ်ဖက်နှင့်လည်း ပေါ်ပြူလာဂျာနယ်ကို တာဝန်ယူစီစဉ်ဆောင်ရွက်နေဆဲ ကာလဖြစ်သည်။ ကျွန်တော်နှင့်အတူ ဆရာဦးဟိန်းလတ်သည်လည်း ပေါ်ပြူလာဂျာနယ်၌ လက်တွဲဖော်အဖြစ် ရှိနေသည်။ တစ်နေ့တွင် ပေါ်ပြူလာဂျာနယ်သို့ ဆရာဦးဟိန်းလတ်၏ မိတ်ဆွေဖြစ်သူ စာရေးဆရာမင်းမောင်မောင်ခင် (သာယာဝတီ) ရောက်ရှိလာသည်။ သူ့နာမည်ရင်းမှာ ဦးအောင်သန်း။ သာယာဝတီသားဖြစ်၍ ကလောင်နာမည်နောက်တွင် ကွင်းစကွင်းပိတ်နှင့် သာယာဝတီဟု ထည့်ထားပုံရသည်။ ဆရာမင်းမောင်မောင်ခင်က ပေါ်ပြူလာဂျာနယ်အတွက် စာမူလာပို့ခြင်း ဖြစ်သည်။ သူ့စာမူကိုလက်ခံပြီးသောအခါ ကျွန်တော်၊ ဦးဟိန်းလတ်နှင့် ဆရာမင်းမောင်မောင်ခင်တို့ သုံးဦးသား ဂျာနယ်တိုက်အတွင်း၌ စကားဝိုင်းဖွဲ့ဖြစ်ကြသည်။

mgyoe.com

mgyoe.com



သည်မှာပင် ဆရာ မင်းမောင်မောင်ခင်က ဓာတ်ပုံတွေ ထုတ်ပြလာသည်။ သူ့ပြောဆိုချက်တွေကို ကျွန်တော်တို့ နားစွင့်မိကြသည်။

"ကျွန်တော်တို့နေတဲ့ အင်းစိန်၊ အောင်ဆန်းဘက်ကို လာလည်ကြပါလားဗျာ။ ဒါ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့ ဆရာတော်ပေါ့။ ဒီဆရာတော်က ထူးခြားတယ်ဗျ။ အခု ဒီမှာတွေ့လား၊ ဆရာ့တော့်လက်ထဲမှာ ချိုးကလေးတစ်ကောင် နားနေတာလေ။ ငြိမ်းချမ်းရေးနိမိတ်ပေါ့ဗျာ။ အဲဒီဆရာတော်ကို ချိုးနားဆရာတော်ဆိုပြီး ခေါ်နေကြတာဗျ။ နာမည်ကြီးနေတယ်၊ အချို့ကလည်း 'မေတ္တာ'ဆရာတော်လို့ ခေါ်ကြတယ်။ ဆရာတို့ တစ်ခါလောက် လာဖူးကြပါဦး"

သည်မှာပင် ဆရာတော့်ကို ပုံတော်မှတစ်ဆင့် ကျွန်တော် စတင်ဖူးတွေ့ရသည်။ ထူးခြားသည်ဆို၍လည်း စိတ်ဝင်စားသွားသည်။ ပြီးတော့ ဆရာမင်းမောင်မောင်ခင်သည် ဗေဒင်၊ နက္ခတ် ဆိုင်ရာ၌ ဝါသနာထုံ၍ လေ့လာမှုအား များကြောင်း သိရသည်။ ဒါဆိုရင် ဆရာမင်းမောင်မောင်ခင်နှင့် ဆက်စပ်လို့ရရင် "ချိုးနားဆရာတော်"ဟာလည်း ဂိုဏ်းဘုန်းကြီးတစ်ပါးပါး ဖြစ်ရမည်ပေါ့။ ကျွန်တော် သည်လိုပဲ ကောက်ချက်ချလိုက်မိသည်။ ဆရာဦးဟိန်းလတ်ကလည်း ဗေဒင်၊ နက္ခတ် ဝါသနာထုံသူတစ်ဦးမို့ ဆရာမင်းမောင်မောင်ခင်နှင့် ဆက်စပ်ကာ "ချိုးနားဆရာတော်"ကို ဖူးချင်နေသည်။ သို့နှင့် ကျွန်တော်တို့သည် ဆရာတော့်ထံ သွားဖူးနိုင်မည့် နေ့ရက်ကို ရွေးကြရသည်။ အားလုံး အလုပ်ပါးလပ်

mgyoe.com

mgyoe.com



သည့်ရက်ကို ညှိရသည်။ ဆရာ မင်းမောင်မောင်ခင်ကလည်း ကျွန်တော်တို့လာနိုင်မည့်ရက်ကို တစ်ပါတည်း အဖြေရသွားသဖြင့် ပျော်သွားပုံပင်။

"ဝမ်းသာတယ်ဗျာ၊ ဆရာတို့လာဖူးမယ်ဆိုရင် တစ်အားပါပဲ။ ဆရာတော်ကိုလည်း ကျွန်တော် ကြိုတင် လျှောက်ထားလိုက်ပါ့မယ်၊ ဆရာတို့ဖူးပြီးရင် ဆရာတော် ဘယ်လိုထူးတယ်ဆိုတာ ဆရာတို့ သိလာပါလိမ့်မယ်"

ဆရာမင်းမောင်မောင်ခင် နှုတ်ဆက်၍ ပြန်သွားသောအခါ ကျွန်တော်သည် ဆရာမင်းမောင်မောင်ခင် ပေးထားရစ်ခဲ့သော ဆရာတော့်ပုံတော်များကို စူးစူးစိုက်စိုက်ကြည့်မိသည်။ ဆရာတော်သည် သက်တော်ကြီးပုံမရသေး။ ငါးဆယ်ပတ်ဝန်းကျင်လောက်ပဲ ရှိဦးမည်။ ပုံထဲတွင် ဆရာတော်သည် ခါးကိုရှေ့ကိုင်းရင်း ပြုံးနေလေသည်။ လက်ဖဝါးပေါ်မှာတော့ ချိုးငှက်ကလေးတစ်ကောင် နားနေသည်။ ချိုးငှက်ကလေးသည် ဆရာတော့်မေတ္တာကို ယုံကြည်စိတ်ချစွာဖြင့် နားနေဟန်ရှိသည်။ ဦးခေါင်းကို ဆရာတော့်ဘက်သို့ပင် စောင်းငဲ့ ကြည့်နေသေးတော့သည်။ နောက်ထပ်တစ်ပုံမှာ သစ်ပင်ရိပ်နောက်ခံဖြင့် ဆရာတော် တရားထိုင်နေသည့်ပုံ။ ပြည့်ပြည့်ဖြိုးဖြိုး၊ စိုစိုပြည်ပြည်နှင့် တင့်တင့်တယ်တယ်။ ဥပဓိရုပ်တော်မှာ ကြည်လင်ချောမွေ့ ကြည်ညိုဖွယ်ရာအတိ။ ထူးခြားသည်မှာ ဝတ်ရုံထားသော သင်္ကန်း၏ အရောင်မျိုးမဟုတ်။ ယောဂီရောင် မှောင်ပိန်းပိန်းဖြစ်သည်။ သင်္ကန်းရောင်

mgyoe.com

mgyoe.com



မှောင်ပိန်းပိန်း နောက်ခံကြောင့်လားတော့ မသိ၊ ဆရာတော်၏ အသားအရေမှာ ပိုမိုဖြူစင် ရွှန်းစိုနေပေသည်။

ထိုစဉ်က ကျွန်တော်သည် သတိပဋ္ဌာန်တရားများကို စတင် အားထုတ်နေသော အချိန်ဖြစ်သည်။ သံဃသရဏံ ဂစ္ဆာမိကို လည်း တန်ဖိုးထား၊ အလေးထားလာတတ်ခါစ ဖြစ်သဖြင့် ကျွန်တော့်စိတ်သန္တာန်၌ သရဏဂုံသုံးပါးအပေါ်၌ ယုံကြည်မှု သဒ္ဒါတရားသည် နိုးကြားရှင်သန်လာခါစ အချိန်လည်းဖြစ်ပါ သည်။ သို့သော် ကျွန်တော့်တွင် ဝိပဿနာဉာဏ်ပညာသည် ထင် သလောက် မဖွံ့ဖြိုး၊ မတိုးတက်သေးပေ။ ဤသည်ကို ကျွန်တော့် ကိုယ်ကျွန်တော်လည်း သိနေပါသည်။ ကျွန်တော်သည် ကျင် လည်ခဲ့ပြီးသော စရိုက်ဟောင်း၊ ဉာဉ်ဟောင်းနှင့် ကျင်လည် လက်စ စရိုက်သစ်၊ ဉာဉ်သစ်တို့ကြားတွင် သွားချည်ပြန်ချည်ဖြင့် ရင်မောနေရသူ တစ်ဦးလည်း ဖြစ်၏။

သည်တော့ ကျွန်တော့်အာရုံတို့သည်လည်း မငြိမ်သက် လှသေး။ သတိပဋ္ဌာန်တရားကို ထူထောင်အားထုတ်ခါစ ဖြစ် သဖြင့် ဝိပဿနာဉာဏ် ရင့်ကျက်မှုမရှိသေး၍လည်း ဖြစ်သည်။ သို့သော် ထိုအချိန်တွင် ကျွန်တော်ရေးသားသော စာအုပ်တွေ သုံး အုပ်ခန့် ထွက်ပြီးပြီ။ သတိပဋ္ဌာန်တရားတော်ကို ကျွန်တော် အား ထုတ်ဖြစ်နေသည့် အကြောင်းများပါဝင်သော စာအုပ်တွေဖြစ် သည်။ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးကို ကျွန်တော်သွားရောက် ဖူးတွေ့မိသည့် ခရီးစဉ်ဆောင်းပါးသည် ကျွန်တော်၏ ပထမဦးဆုံးစာအုပ်ဖြစ်သည်။ မေတ္တာ၊ ဓမ္မ၊ သာ

mgyoe.com

mgyoe.com



သနှာ့ အလင်းရောင်တို့၏ အေးမြသောဆွဲငင်အားသည် ခရီးစဉ် အပြီး ကျွန်တော်၏ စိတ်သန္တာန်အပြောင်းအလဲ။

ဒုတိယစာအုပ်မှာ မမေ့မလျော့သောသတိဖြင့် နေထိုင်ခြင်း။ မဟာဗောဓိမြိုင် ဆရာတော်ကြီးကို ဖူးတွေ့ပြီးသည့်နောက်ပိုင်း မဟာမြိုင်တောရ ဆရာတော်ဦးဇောတိကနှင့် တွေ့ဆုံမိသည်မှ အစ သတိပဋ္ဌာန်တရား အားထုတ်ဖြစ်ခဲ့ပုံများကို ဆရာတော့် တရားများနှင့် ယှဉ်တွဲဆက်စပ် ရေးသားထားသည့် စာအုပ်။

တတိယစာအုပ်မှာ ငြိမ်းချမ်းသောစိတ်ဖြင့် မငြိမ်းချမ်းသော အာရုံများကို ဖြတ်ကျော်ခြင်း၊ ဒါလည်း သတိပဋ္ဌာန်တရားနှင့် ပတ်သက်သော ဆောင်းပါးများပင်။

စာအုပ်တွေကို ကိုယ်တိုင်ရေးသား၊ ကိုယ်တိုင်ထုတ်ဝေ ခဲ့ခြင်း ဖြစ်သဖြင့် စာအုပ်ရောင်းရအားတွေကို ကိုယ်တိုင်သိနေရ သည်။ ကျွန်တော်သည် မထင်မှတ်ပါဘဲ ကိုယ်ယုံကြည်တာကို ရေးရင်းဖြင့် စာဖတ်ပရိသတ်အများစု၏ အားပေးမှုကို ခံခဲ့ရပါ သည်။ သူတို့ထံသို့ ကျွန်တော့်စာအုပ်တွေ အုပ်ရေများများ ရောက်ရှိသွားနေတာကို တွေ့နေရသည်။ ကုန်သွားရင် ထပ်ရိုက်၊ ကုန်သွားပြန် တစ်ခါပြန်ရိုက်ဖြင့် ကျွန်တော်၏ နယ်မြေသစ် ရှာဖွေရေးခရီးစဉ်သည် အောင်မြင်သလို ဖြစ်နေတော့သည်။ ထို သည့်အတွက် အားလည်းတက်မိသည်။ အားတက်သဖြင့်လည်း ဆောင်းပါးတွေသည် ဟောတစ်ပုဒ်၊ ဟောတစ်ပုဒ်နှင့် ဂျာနယ် တွေထဲတွင် အပတ်စဉ်ပါနေလေသည်။ ဂျာနယ်ထဲက ဆောင်းပါး တွေ များလာ၍ စာအုပ်တစ်အုပ်စာပြည့်လာလျှင်ပင် ကျွန်တော့်

mgyoe.com

mgyoe.com



အတွက် နောက်ထပ်လုံးချင်းစာအုပ်တစ်အုပ် ရပြန်ပါပြီ။ ထိုသည့်အပေါ်၌လည်း ကျွန်တော်ပီတိဖြစ်လျက် သာယာနှစ်သက်နေခဲ့ပါသည်။

ရုပ်ရှင်၊ ဂီတ၊ သီချင်းတွေပင်မကဘဲ စာပေဘက်တွင်ပါ အောင်မြင်လာပြန်သဖြင့် အောင်မြင်မှုအရှိန်သည် ကျွန်တော့်ကို သောမနဿ ဝေဒနာတွေ များစွာဖြစ်စေခဲ့မှန်းလည်း ထိုစဉ်က မရိပ်မိခဲ့။ ဆိုရလျှင် 'ဝေဒနာ'ဆိုသည့် ခံစားမှုသဘောကို ဂဃနဏ နားမလည်သေးပါ။ တရားထိုင်နေသည့်အချိန်တွင် တောင့်တင်း၊ ကိုက်ခဲ၊ ထုံကျဉ်လာမှသာ 'ဝေဒနာ'ဟု နားလည်နေပါသေးသည်။ သိလွယ်ထင်ရှားသော ဒုက္ခ–ဒုက္ခကိုသာ ဝေဒနာဟု ထင်ခဲ့သည့် အချိန်ဖြစ်သဖြင့် ဝိပရိဏာမဒုက္ခတို့၊ သင်္ခါရဒုက္ခတို့၏ သဘောအဓိပ္ပာယ်တွေကို နက်နက်နဲနဲ နားမလည်ခဲ့သေးပါ။ ဒုက္ခဝေဒနာလောက်ကိုသာ အကြမ်းစား နားလည်ခါစဖြစ်ပြီး သုခဝေဒနာ၏သဘော၊ ထို့ထက်နက်နဲ သိမ်မွေ့လာသည့် ဥပေက္ခာဝေဒနာ၏ သဘောကိုမူ လုံးဝနားမလည်သေးသော အချိန်ဖြစ်ပါသည်။ ဒုက္ခဝေဒနာကြောင့် ဒေါမနဿဖြစ်ပုံ၊ သုခဝေဒနာကြောင့် သောမနဿဖြစ်ပုံ၊ ဥပေက္ခာဝေဒနာကို နားမလည်ရင် မောဟဘက် ယိုင်သွားတတ်ပုံတို့ကိုလည်း နားမလည်ခဲ့သေးပါ။

သို့သော် ကျွန်တော်သည် နားလည်ထားသလောက် ကျွန်တော်အားထုတ် သိမြင်ထားသလောက်ကိုသာ လူ့ဘဝပတ်ဝန်းကျင်နှင့် ယှဉ်တွဲဆက်စပ် ရေးသားထားသဖြင့် ကျွန်တော့်

mgyoe.com

mgyoe.com



စာအုပ်တွေသည် လူကြိုက်များနေခြင်းပင်။ နားလည်လွယ်သဖြင့်လည်းကောင်း၊ လူအတော်များများ၏ ဘဝများနှင့် တိုက်ဆိုင်မှုရှိ၍လည်းကောင်း ဖြစ်နိုင်ပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်များကို မနာကြားရသေးမီ အချိန်အထိ သတိပဋ္ဌာန်၏သဘော၊ သတိပဋ္ဌာန် ဘာဝနာ၏သဘော၊ သတိပဋ္ဌာန်ဘာဝနာလမ်းဆုံး၏ သဘောတွေကို ကျွန်တော်သိခွင့်၊ နားလည်ခွင့် မရသေးပါ။ သတိပဋ္ဌာန်သက်သက်သည် လုပ်ငန်းခွင်အလေ့အကျင့်ဖြစ်ပြီး လတ်တလော တောက်လောင်နေသော ကိလေသာမီးများကို အတန်အသင့် ငြိမ်းစေနိုင်ရုံသာ တတ်နိုင်သည်ကို ထိုစဉ်က မရိပ်မိခဲ့သေးပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတင်၍ သတိပဋ္ဌာန်ဘာဝနာကို ဘယ်လိုဆက်လက် ရှုပွားမလဲ၊ ဝိပဿနာဉာဏ်ကို ဘယ်လိုဆက်လက် ထူထောင်မလဲဆိုသည်ကို ကျွန်တော် သိခွင့်မရသေးပါ။ ဝိပဿနာဉာဏ် ရင့်ကျက်သောအခါ သူ့ဘာသာသူ မဂ်ဉာဏ်သို့ အခြားမရှိ ကူးပြောင်းသွားခြင်းသို့မဟုတ် ဉာဏ်က သူ့ကိစ္စ သူဆောင်ရွက်သွားခြင်းတို့ကိုလည်း ကျွန်တော် နားလည်နိုင်ဖို့ဝေးစွ။ ကြားပင်မကြားဖူးသေးသော ကာလဖြစ်ပါသည်။

ဓမ္မခရီးလမ်းလျှောက်နေသည် ဆိုသော်ငြား ထိုထိုသောသော အသိဉာဏ်ပိုင်းဆိုင်ရာ နုနယ်နေသေးသဖြင့် ကျွန်တော် ယုံကြည်မှုတွေသည်လည်း တစ်ခါတစ်ခါ စမ်းတဝါးဝါးနိုင်ချင်နေပြန်ပါသည်။ ထို့ကြောင့်လည်း ထူးခြားသည်၊ ထူးဆန်းသည် ဆိုလျှင် နည်းနည်းစိတ်ဝင်စားလာသည်။ လူပြောများ၊ သူပြော

mgyoe.com

mgyoe.com



များ၊ နာမည်ကြီးလာပြီဆိုလျှင် မရောက်ရောက်အောင် သွားလိုက်ချင်သေးသည်။ လေ့လာလိုက်ချင်သေးသည်။ ဘာတွေထူးခြားသလဲ သိလိုက်ချင်သေးသည်။ အဲဒီထူးခြားတာတွေအထဲက ကိုယ့်အတွက် ဘာများရနိုင်မလဲဟု မျှော်လင့်တာလည်းပါသည်။ တစ်နည်းအားဖြင့် လိုချင်မှုလောဘ၊ တဏှာ၏အရင်းအမြစ်ကို ကျွန်တော် နားမလည်သေး၍ ဖြစ်ပါသည်။

သို့နှင့်ပင် ဆရာမင်းမောင်မောင်ခင် ဖိတ်မန္တကပြုခဲ့သော ချိုးနားဆရာတော်ခေါ် 'မေတ္တာ'ဆရာတော် သီတင်းသုံးရာ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်သို့ ကျွန်တော်နှင့် ဆရာဟိန်းလတ်တို့ ရောက်ခဲ့ရပါတော့သည်။

(၃)

"လာ ဗိုလ်မှူး အထဲကိုကြွကြွ"

ဆရာတော်၏ ပဋိသန္ဓာရ နှုတ်ခွန်းဆက်စကားကပင် ဆရာတော်၏ ယဉ်ကျေးပျူငှာမှုကို ဖော်ပြနေပေပြီ။ ကျွန်တော်သည် လူပုဂ္ဂိုလ်ဖြစ်သည်။ ပြီးတော့ ရာထူးကလည်း ကြီးမြင့်လှသေးသူ မဟုတ်။ အသက်အားဖြင့်လည်း ဆရာတော်ထက် ၁၀ နှစ်ခန့် ငယ်ပါသည်။ ဆရာတော်က လှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာ ဆီးကြိုပြီး အလေးတယူရှိလှသည့်အတွက် အားနာမိသည်။ ပြီးတော့ "ကြွကြွ"ဆိုသော အသုံးအနှုန်းသည် တမင်လုပ်ပြောခြင်း မဟုတ်မှန်း ကျွန်တော်သတိထားမိသည်။ ပြုံးရွှင်ဖော်ရွေသော ဆရာတော်၏စရိုက်နှင့် မေတ္တာဓာတ်ကို ထိုစဉ်ကတည်း

mgyoe.com

mgyoe.com



က ကျွန်တော်သတိပြုမိပါသည်။ ဒါကြောင့်လည်း ချိုးငှက်ကလေးသည် ဆရာတော်၏ လက်ဖဝါးထဲ၌ ရဲဝံ့စွာ နားခိုခဲ့ခြင်း ဖြစ်ပေမည်။

"ဒကာကြီးတို့ စာရေးဆရာတွေ လာမယ်ဆိုလို့ ဘုန်းကြီး မျှော်နေတာ၊ ဒီက ဒကာကြီး မင်းမောင်မောင်ခင်ကလည်း လျှောက်ထားတော့ ဒကာကြီးတို့ အကြောင်းတွေ အထိုက်အလျောက် သိထားပါတယ်။ အထူးသဖြင့် ဗိုလ်မှူးက သီချင်းရေးတာ တော်တော်နာမည်ကြီးနေတာပဲ။ အတုယူစရာပဲ၊ နာမည်ကြီး ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရတော့ ဝမ်းမြောက်မိပါရဲ့"

ဆရာတော်က သူ့ဂုဏ်ကိုသူမဖော်။ ညှော့သည်ဖြစ်သူတွေ၏ ဂုဏ်ပုဒ်ကိုဖော်၍ ချီးမွမ်းစကားဖြင့် ပဋိသန္ထာရပြုနေသည်။ ဤသည်ပင်လျှင် ဆရာတော်၏ လူမှုဆက်ဆံရေး ကျွမ်းကျင်မှု၊ လိမ္မာမှုဟုဆိုရမည်တည်း။ ဆရာတော့်ဘေးနားမှာ ရှိနေသော ဆရာမင်းမောင်မောင်ခင်မှာ ကျွန်တော်တို့ကို လှမ်းကြည့်ရင်းမှ ပြုံးနေလေသည်။ ဆရာမင်းမောင်မောင်ခင်ကပင် စကားဝင်ထောက်ပေးပြန်ပါသည်။

"အခု ဗိုလ်မှူးက သီချင်းဘက်မှာတင် မကတော့ဘူး ဆရာတော်၊ ဘာသာရေးစာအုပ်တွေ ရေးတဲ့နေရာမှာလည်း အောင်မြင်နေပြီ"

"ဟုတ်လား၊ ဝမ်းသာပါတယ်၊ ဘုန်းကြီး ကျေနပ်အားရပါတယ်"

mgyoe.com

mgyoe.com



သည်တော့မှပင် ကျွန်တော်သည် ဆရာတော့်အား ကပ်ရန် အတွက် ယူဆောင်လာခဲ့သော ကျွန်တော့်စာအုပ်သုံးအုပ်ကို ကပ် ဖြစ်တော့သည်။ ဆရာဦးဟိန်းလတ်ကလည်း သူ့စာအုပ်အချို့ ကို ဆရာတော့်ထံ ဆက်ကပ်သေးသည်။ ကျွန်တော့်စာအုပ်တွေ ကပ်ပြီးသောအခါ ဆရာတော်က...

"သာဓု... သာဓု၊ ဒကာကြီးတို့တစ်တွေ တိုင်းပြည်အတွက် သာသနာတော်အတွက် အကျိုးရှိတဲ့စာပေတွေ ဒီထက်ပိုပြီး ရေး သားနိုင်ကြပါစေ"

"ဆရာတော်ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ"

စာအုပ်လှူဒါန်းပွဲလေး ပြီးသောအခါ ဆရာတော်က...

"ဒကာကြီးတို့ ချမ်းသာသလို လွတ်လွတ်လပ်လပ်ထိုင် နော်၊ ဒီရောက်တုန်း အေးအေးဆေးဆေးပေါ့၊ ကျောင်းဝင်းထဲ လည်း လှည့်ကြည့်ကြဦးပေါ့၊ ပြီးရင် မနက်စာစားပြီးမှပဲ အေး အေးဆေးဆေး ပြန်ကြပေါ့"

"တင်ပါ့ ဘုရား"

ကျွန်တော်သည် ဆရာတော် ဘာတွေထူးခြားနေသနည်း၊ ဘယ်လိုထူးခြားမှုတွေနှင့် ဆရာတော်ကြုံခဲ့ရသနည်း။ ချိုးကလေး တစ်ကောင် ပခုံးနားသည့်ကိစ္စနှင့် ပတ်သက်၍ "ချိုးနားဆရာ တော်" ဟု နာမည်ကြီးနေပုံမှာ အဘယ်ကြောင့်နည်း။ ချိုးနား ခြင်း၏ အဓိပ္ပာယ်ကရော အဘယ်နည်း။ အစီအမံတွေလား၊ အစီအရင်တွေလား။ ကျွန်တော် သိချင်လှပေပြီ။ သို့နှင့် ဆရာ တော့်ထံ လျှောက်ထားရသည်။

mgyoe.com

mgyoe.com



"ဆရာတော်ဘုရား၊ တပည့်တော်ကို မေးခွင့်ပြုပါ အရှင်ဘုရား"

"မေးပါ ဒကာကြီး"

"ဟိုတစ်နေ့က ဒကာကြီး ဦးမောင်မောင်ခင်ပြောလို့ တပည့်တော်တို့ ဆရာတော့်အကြောင်း တစ်စွန်းတစ်စ သိခဲ့ရပါတယ်။ လိုရင်းပြောရရင် ဆရာတော့်လက်ဖဝါးထဲမှာ ချိုးကလေးတစ်ကောင် လာနားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အဲဒီအကြောင်းတွေကို တပည့်တော်တို့ အသေးစိတ်သိချင်တာပါ"

"စာစောင်တွေအချို့မှာတော့ တော်တော်များများ ပါပြီးပြီပေါ့လေ၊ ဒကာကြီးတို့ မဖတ်ရသေးရင်လည်း အဲဒီအကြောင်းတွေပါတဲ့ ဓမ္မစာစောင်တွေကို ဒကာကြီးတို့ အပြန်ကျရင် ဘုန်းကြီး ဓမ္မလက်ဆောင် ပေးလိုက်ပါဦးမယ်။ အခုတော့ ဒကာကြီးတို့ကလည်း စာရေးဆရာတွေ ဖြစ်နေလေတော့ ဘုန်းကြီးက အကြောင်းစုံပြောပြရမှာပေါ့လေ၊ ဒီလိုပါ"

"ဒီလိုပါ" အစချီ၍ ဆရာတော်ရှင်းပြ ပြောဆိုနေသည့်အပေါ်၌ ကျွန်တော်တို့တစ်တွေ အာရုံစူးစိုက်၍ နားထောင်နေမိကြသည်။

ဆရာတော့်လက်ဖဝါးပေါ်သို့ ချိုးကလေးတစ်ကောင် လာနားသည့်နေ့မှာ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ ဖြစ်သည်။ နေရာကား တပ်မတော် ထောက်လှမ်းရေး အကူတပ် အတွင်းရှိ ပြည်ငြိမ်းအေး ဓမ္မာရုံကြီးအတွင်း၌ ဖြစ်သည်။ ထိုဓမ္မာရုံကြီးအတွင်း၌ ဘုရားရုပ်ပွားတော်ကြီးတစ်ဆူ ရှိသည်။ ထိုရုပ်ပွား

mgyoe.com

mgyoe.com



တော်ကြီးအား သုံးကြိမ်မြောက် ဘုရားအနေကဇာတင်နေသည့် အခမ်းအနားဖြစ်သည်။ ဘုရားအနေကဇာ တင်ပြီးသည့်အခါ အသံမစဲ ပဋ္ဌာန်းပွဲကို ဆက်လက်ကျင်းပသွားရန် ရှိ၏။ ဆရာတော်သည် မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါးထဲမှ မာရ်နတ်အောင်ခန်းကို ရွတ်ဆိုပူဇော်နေချိန်ဖြစ်ပါသည်။ ဆရာတော်သည် မာရ်နတ်အောင်ခန်းကို ငယ်ငယ်ကတည်းက ကြိုက်နှစ်သက်လွန်းသဖြင့် အမြဲရွတ်ဆို ပူဇော်လေ့ရှိသည်။ ယခုလည်း မာရ်နတ်အောင်ခန်းကို ရွတ်နေချိန်၊ တိုက်တိုက်ဆိုင်ဆိုင် ပြည်ငြိမ်းအေး ဓမ္မာရုံကြီး၏ မြောက်ဘက်မှနေ၍ ဓမ္မာရုံအတွင်းသို့ ချိုးငှက်ကလေး တစ်ကောင် ပျံသန်းဝင်ရောက်လာသည်။ ပြည်ငြိမ်းအေး ဓမ္မာရုံကြီးသည် အရှေ့ဘက် မျက်နှာမူ၍ တည်ဆောက်ထားပြီး မြောက်ဘက်နှင့် တောင်ဘက် အခြမ်းနှစ်ဖက်တွင် အောင်ခြင်းရှစ်ပါးပုံတော်များကို လေးပုံစီခွဲ၍ ချိတ်ဆွဲပူဇော်ထားသော ဓမ္မာရုံဖြစ်ပါသည်။ ထိုချိုးငှက်ကလေးသည် ဓမ္မာရုံမြောက်ဘက်အခြမ်းတွင် ချိတ်ဆွဲထားသော အောင်ခြင်းရှစ်ပါးပုံတော် အမှတ်(၁) ဖြစ်သည့် မာရ်နတ်အောင်ခန်း ပုံတော်ပေါ်တွင် လာရောက်နားနေလေသည်။ ဆရာတော်ကမူ ချိုးငှက်ကလေး ဝင်လာသည်ကို မသိပါ။ မိမိရွတ်ဖတ်ပူဇော်ရမည်ကိုသာ ဝတ်မပျက် ဆက်လက်ပူဇော်နေ၏။ ဤသည်ကို ထိုစဉ်က တပ်မှူးကြီးဖြစ်သူ ဗိုလ်မှူးကြီးလှမောင် (ယခု သံအမတ်ကြီး ဦးလှမောင်) နှင့်တကွ ရဲဘော်များပါ မြင်နေကြသည်။ ဆရာတော်ကမူ ရွတ်ဆိုပူဇော်ပြီးမှ တပ်မှူးကြီးနှင့် ရဲဘော်များက ပြသဖြင့် မြင်ရတော့သည်။ ညနေ

mgyoe.com

mgyoe.com



စောင်းသို့ ရောက်သောအခါ ချိုးငှက်ကလေးသည် ပုံတော်ပေါ်မှာ နားနေရာမှ အောက်သို့ ဆင်းလာသဖြင့် ရဲဘော်များက ဝိုင်းဖမ်း ကြသော်လည်း လွတ်ထွက်သွားသည်။ သို့သော် ချိုးငှက် ကလေးသည် အဝေးသို့ထွက်မသွား။ ပြည်ငြိမ်းအေးဓမ္မာရုံကြီး အတွင်း၌ပင် လှည့်လည်နားခိုနေပြန်ပါသည်။ သည်တစ်ခါတော့ အောင်ခြင်းရှစ်ပါး ပုံတော်အမှတ် (၄) ဖြစ်သည့် အင်္ဂုလိမာလ အောင်ခန်း ပုံတော်ပေါ်၌ ထပ်မံနားနေပြန်သည်။ ထိုအချိန်မှာ ညနေပိုင်း ဆရာတော် ပဋ္ဌာန်းရွတ်ရန် အလှည့်ကျသည့် အချိန်ဖြစ် နေပြန်သည်။

သည်လိုနှင့် နောက်တစ်နေ့ကူးလာသည်။ ချိုးငှက်ကလေး သည် ဓမ္မာရုံအတွင်းရှိ ပုံတော်အမှတ် (၄) အင်္ဂုလိမာလ အောင် ခန်းပုံတော်ပေါ်၌ နားနေဆဲ။ နံနက် ၁၀ နာရီ ထိုးပြီ။ ရေစက်ချ အခမ်းအနား ကျင်းပတော့မည်။ တပ်မှူးကြီး လာမည့်အချိန်ကို စောင့်ဆိုင်းနေချိန်ဖြစ်သဖြင့် ဓမ္မာရုံထဲတွင် ပရိသတ်တွေ အစုံ အညီဖြစ်နေပြီ။ ထိုအချိန်မှာပင် ချိုးငှက်ကလေးသည် ပုံတော် အပေါ် နားနေရာမှ အောက်သို့ ပျံဆင်းလာ၏။ ရဲဘော်တွေက ဝိုင်းဖမ်းကြသည်။ ထိုအခါ ချိုးငှက်ကလေးသည် သံဃာစင်ပေါ် ၌ သီတင်းသုံးနေသော ဆရာတော်ထံ ပျံသန်းသွားပြီး ဆရာတော့် လက်ဖဝါးထဲ၌ နားနေတော့သည်။

“ဗိုလ်မှူးစဉ်းစားကြည့်၊ ချိုးငှက်ဆိုတဲ့ ငှက်မျိုးက လူ့ အနား ဘယ်လိုမှမကပ်နိုင်ဘူး၊ လူနားကပ်ရင်လည်း ထပျံသွား မှာပေါ့။ ပြီးတော့ အတောင်တွေဘာတွေ ချိုးထားလို့၊ ကျိုးနေလို့

mgyoe.com

mgyoe.com



မပျံနိုင်တာလည်း မဟုတ်။ ကြောက်လို့ တုန်နေတာလည်း မရှိဘူး။ အဲဒီဘုန်းကြီး လက်ဖဝါးပေါ်မှာ အေးအေးသာသာကလေး နားနေတယ်။ ဘုန်းကြီးကလည်း မေတ္တာပို့ပေးနေတယ်။ ဒီအချိန်မှာ ဓာတ်ပုံကင်မရာမင်းတွေရော၊ ဗွီဒီယိုကင်မရာမင်းတွေရော စုံနေတဲ့အချိန်ဆိုတော့ ဝိုင်းပြီး ဓာတ်ပုံရိုက်လိုက်ကြတာ၊ တဖျတ်ဖျတ်နဲ့၊ ဒါလည်း လန့်ပြီး ထမပျံဘူး။ နောက်တော့ တပ်မှူးကြီးရောက်လာတဲ့အချိန် ရေစက်ချဖို့အချိန်လည်း နီးပြီဆိုတော့ ဘုန်းကြီးက ကဲ မင်းသွားတော့၊ ငါတို့လုပ်စရာရှိတယ်လို့ ပြောတဲ့အခါ လူစကားနားလည်သလိုပဲ၊ ဘုန်းကြီးလက်ခုပ်ထဲက ထပျံသွားတယ်။ ဒါပေမဲ့ အဝေးကို ပျံမသွားဘူး။ ပြည်ငြိမ်းအေးဓမ္မာရုံထဲက စိဋ္ဌမာဏအောင်ခန်း ပုံတော်ပေါ်မှာ သွားနားပြန်တယ်။ ပြီးတော့ အောင်ခြင်းရှစ်ပါး ပုံတော်တွေအပေါ် တစ်ပုံပြီးတစ်ပုံ နားနေတော့တယ်။ အဲဒါနဲ့ ဘုန်းကြီးတို့လည်း ရေစက်ချအခမ်းအနားပြီးလို့ ကျောင်းပြန်လာ၊ အမှုမဲ့အမှတ်မဲ့ပါပဲ၊ အဲ နောက်တစ်နေ့ သတိရလို့ အဲဒီက တာဝန်ခံဗိုလ်ကြီးကို လှမ်းမေးကြည့်လိုက်တော့ ချိုးငှက်ကလေး ဘယ်အချိန်ပျံသွားလဲလို့ပေါ့။ ဗိုလ်ကြီးက လျှောက်တယ်။ ဆရာတော်တို့ ပြန်ကြွသွားပြီးတဲ့နောက် သိပ်မကြာပါဘူးတဲ့။ အဲဒီချိုးငှက်ကလေး ဓမ္မာရုံထဲကနေ ပျံသွားတော့တာပါပဲတဲ့"

ဖြစ်စဉ်မှာ အထူးအဆန်းကြီးတော့ မဟုတ်။ သို့သော် ထူးခြားမှု ရှိနေသည်ကတော့ အမှန်။ သည်ဖြစ်စဉ်ဖြစ်ရပ် တစ်ခုတည်းလောက် ဆိုလျှင်တော့ တိုက်ဆိုင်မှုတစ်ခုပေပဲဟု ပြော၍

mgyoe.com

mgyoe.com



ရသည်။ သို့သော် နောက်ထပ်ကွင်းဆက်တွေ ထပ်ဖြစ်လေသော အခါ တိုက်ဆိုင်မှု ပြောရခက်သွားသည်။ သည်တစ်ခါတော့ အခြားနေရာ၊ သူတစ်ပါးဓမ္မာရုံတွင် မဟုတ်တော့။ ဆရာတော်၏ ကျောင်းဆောင်၌ပင်တည်း။

"ပြည်ငြိမ်းအေးဓမ္မာရုံ ချိုးနားတယ်ဆိုတော့ ငြိမ်းချမ်းရေး နိမိတ်ပေါ့။ ငြိမ်းချမ်းမယ်ပေါ့လေ။ ဘုန်းကြီးက ဒီလိုပဲသုံးသပ်ထားပါတယ်။ အဲဒီအချိန်မှာလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေဟာလည်း ကိုးဖွဲ့လောက် ငြိမ်းချမ်းရေးယူပြီးကြပြီ။ ၁၉၉၅ ခုနှစ်ဆိုတော့ ဦးခွန်ဆာတို့တော့ မယူကြသေးဘူးပေါ့။ ဒါပေမဲ့ ညှိနှိုင်းလို့ ပြေလည်နေပြီဆိုတာ သိရတယ်။ ဒီလို ချိုးနားတဲ့နိမိတ်ဟာ ငြိမ်းချမ်းရေးယူကြဦးမယ်လို့ ထင်တယ်ပေါ့လေ။ ဒီလိုပဲ အကြမ်းဖျင်း ကောက်ချက်ချမိပါတယ်။ ဒီလောက်ပဲလို့ ထင်ခဲ့တာ၊ နောက်တော့ အခုဘုန်းကြီးရဲ့ ကျောင်းဆောင်ထဲကို ချိုးငှက်တွေ လာနေကြတာ ကြုံရတယ်။ ဟိုတစ်နေ့က ချိုးငှက်တော့ မဟုတ်တော့ဘူးပေါ့လေ။ အခြားချိုးငှက်တွေပေါ့။ တစ်ကောင်က ခုနစ်ရက်၊ တစ်ကောင်က ကိုးရက်နေသွားတယ်။ သည်ကျောင်းထဲမှာပဲ အဲဒါ စာရေးဆရာ မောင်ရင့်ကျူး (မြောင်းမြ) တို့ လေ့လာရအောင် လာတဲ့အခါမှာ သူတို့ကိုယ်တိုင် တွေ့သွားတာ။ နောက် ဒီမှာလူကြီးတွေ၊ ဗိုလ်မှူးကြီးသန့်ဇင်တို့၊ ဗိုလ်မှူးကြီး တင့်ဝေအေးတို့ အစည်းအဝေးလုပ်တဲ့အခါကျတော့ လူကြားထဲ ဖြတ်ပျံသွားတာပဲ၊ ဒါပေမဲ့ ဖမ်းလို့မရဘူး။ ဘုန်းကြီးမှ တစ်ပါး သူများဖမ်းလို့မရခဲ့ဘူး။ အဲတော့ ဒီကျောင်းဆောင်ထဲက

mgyoe.com

mgyoe.com



လည်း အပြင်ကို ပျံထွက်မသွားဘူး။ ဘုရားကျောင်းဆောင်ထဲမှာ အိပ်ချင်အိပ်တယ်။ ဘုန်းကြီးရဲ့အခန်းထဲမှာ အိပ်ချင်လည်းအိပ်တယ်။ ဘုန်းကြီးက ဂရုစိုက်နေရတယ်။ အခြား မဟုတ်ပါဘူး။ ကြောင်တွေကလည်း ရှိနေတော့ ကြောင်အခုပ်ခံရမှာစိုးလို့၊ ဒါပေမဲ့ သူတို့နေသွားတဲ့ ရက်တွေအတွင်းမှာ ကြောင်အခုပ်မခံခဲ့ရပါဘူး။ အဲဒီလိုနဲ့ တစ်ကောင်က ခုနစ်ရက်ကြာတယ်။ နောက်ထပ် တစ်ကောင်ရောက်လာတယ်။ ကိုးရက်ကြာ နေသွားတယ်။ လူတွေလည်း သိတယ်။ တွေ့တယ်ပေါ့လေ။ ချိုးငှက်တွေနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်ကတော့ သည်လောက်ပါပဲ။ ဘုန်းကြီးက မေတ္တာပို့နေရတာပါပဲ"

"ဒါကြောင့်မို့ ဆရာတော့်ကို တပည့်ဒကာ၊ ဒကာမတွေက ချိုးနားဆရာတော်၊ မေတ္တာဆရာတော်လို့ ခေါ်ကြတာပေါ့"

တစ်ချိန်လုံးငြိမ်နေသော ဆရာ မင်းမောင်မောင်ခင်ထံမှ အသံထွက်လာသည်။ ဆရာတော်ရှင်းပြပြီးသောအခါ ကျွန်တော်တို့သည် ဆရာတော့်ကျောင်းဝင်းထဲ လှည့်ကြည့်ကြသည်။ ဆရာတော်ကိုယ်တိုင် လှည့်လည်ပြသပါသည်။ ထိုစဉ်က 'အရိယာဝိဇ္ဇာ' နှစ်ထပ်ဓမ္မာရုံကြီးမှာ ဆောက်လက်စပင် ရှိသေးသည်။ ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများမှာ အစီအရီ၊ ရှေးဟောင်းတောရကျောင်း၏ အငွေ့အသက်တွေကို ကျောင်းအိုနံရံများမှတစ်ဆင့် တွေ့နေရသည်။ ဆွမ်းစားဆောင်အောက်ဘက်သို့ ဆင်းလိုက်သောအခါ ရေကန်ကြီးနှစ်ကန်ကို တွေ့ရသည်။ ရေကန်ပတ်လမ်း စင်္ကြံလမ်းတွေလည်း မရှိသေး။ ရေကန်ပတ်လည်

mgyoe.com

mgyoe.com



၌ အဆောက်အအုံတွေလည်း မဆောက်လုပ်ရသေးပေ။ သို့သော် ဟိုနားတစ်စ၊ သည်နားတစ်စ ဆောက်နေတာတွေတော့ ရှိသည်။ ကျောင်းတိုက်သည် ဖွံ့ဖြိုးတိုးတက်ဖို့ အားယူနေဟန်ရှိသည်။ ကျောင်းဝင်းထဲ လှည့်လည်ပြီးသောအခါ ကျွန်တော်တို့သည် ဆွမ်းစားဆောင်၌ပင် နံနက်စာစားကြရသည်။

ကျွန်တော်တို့ ထမင်းဝိုင်းဆီမှ လှမ်းကြည့်သောအခါ ဆရာတော်သည် အခြားသံဃာတော်များနှင့်အတူ ဆွမ်းဝိုင်းတစ်ဝိုင်းတည်း၌ ဆွမ်းဘုဉ်းပေးလျက်ရှိသည်ကို တွေ့ရ၏။ သည်မှာတွင် ထူးခြားချက်တစ်ခုကို ကျွန်တော် သတိပြုမိသည်။ ဆရာတော်၏ အသားအရေများသည် အခြားသံဃာတော်များအလယ်၌ ဝင်းလက် ဖြူစင်လျက် ကြယ်တာရာတွေကြားက လမင်းကြီးလို တင့်တင့်တယ်တယ် ရှိလှသည်။ ကျွန်တော်သည် ထိုကဲ့သို့သော အသားအရေမျိုး၊ အလင်းရောင်မျိုးကို မဟာဗောဓိမြိုင် ဆရာတော်ကြီးထံတွင် တွေ့ဖူးခဲ့သဖြင့် မှတ်မိနေခြင်းဖြစ်သည်။ ဆရာတော်တစ်ပါးတည်းဆိုလျှင် မသိသာလှပါ။ အများ၏အလယ်တွင် ကြည့်သောအခါမှ အထင်းသား ပေါ်လွင်လှပါသည်။ စိတ်အကြည်ကြောင့် ဖြစ်သည့် ခန္ဓာအလင်းရောင်မှာ မည်သူမျှ အစားယူ၍မရပါ။ ပုံတူကူးချင်၍ မရပါ။ ကိုယ်လုပ်မှ ကိုယ်ရမည်သာ ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ဆရာတော်သည် တရားကို ထိထိရောက်ရောက် အားထုတ်ထားခဲ့ပြီး ဖြစ်လိမ့်မည်။ ဤသို့ပင် ကျွန်တော် ကောက်ချက်ချမိသည်။

ဆွမ်းဘုဉ်းပြီးသောအခါ ဆရာတော်ခေါ်သဖြင့် ဆရာတော့်

mgyoe.com

mgyoe.com



ကျောင်းဆောင်သို့ ကျွန်တော်တို့ လိုက်သွားကြသည်။ ဆောက်လက်စ အရိယာဝိဇ္ဇာ ဓမ္မာရုံကြီးနံဘေးတွင် စာအုပ် အရောင်းဆိုင်လေး ရှိသည်။ ဆရာတော်က ကျွန်တော်တို့ကို ပဋိစ္စသမုပ္ပာဒ် သင်တန်း တရားစာအုပ်များကို ဓမ္မဒါနအဖြစ်ပေးသည်။ ဆရာတော်ပေး၍သာ လက်ခံလိုက်ရသည်။ ကျွန်တော်သည် စာအုပ်တွေအပေါ် စိတ်ဝင်စားမှု သိပ်မရှိလှ။ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းကြီးကို နားမလည်သေးတာလည်း ပါမည်။ ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတိပ်ခွေများကို နာ၍မရနိုင်သေး။ အပြန်အလှန် အမေးအဖြေသံတွေနှင့် ဆူညံနေသည်ဟု ထင်သည်။ ၁၉၆၀ ပတ်ဝန်းကျင်လောက်က အသံဖမ်းထားသော တိပ်ခွေများ ဖြစ်သဖြင့်လည်း အသံတွေက သိပ်မကောင်းချင်။ တစ်ဖက်မှာ ကျွန်တော်က ဆရာတော်ဦးဇောတိက၏ တရားတိပ်ခွေများနှင့် ယဉ်ပါးနေတာလည်းပါမည်။ ဆရာတော် ဦးဇောတိက၏ ငြိမ်းအေးကြည်လင်သော အသံတော်ကိုသာ နားထောင်၍ရနေချိန်ဖြစ်သဖြင့် မိုးကုတ်တရားတို့သည် ကျွန်တော့်ကို မလွှမ်းမိုးနိုင်ခဲ့။ နားထောင်၍လည်း မရခဲ့။ စာအုပ်ဆိုင်ရှေ့ ရပ်နေရင်းမှ ကျွန်တော်က ဆရာတော့်အား လျှောက်ထားမိသည်။

"ဆရာတော်ရော တရားထိုင်ရင် ဘယ်လိုနှလုံးသွင်းပြီး ထိုင်ပါသလဲ"

"ဘုန်းကြီးကတော့ ဆရာပြောသမျှ တစ်လုံးမလွဲအောင် လိုက်နာတာပဲ၊ ဆရာ့အဆုံးအမအတိုင်း တစ်လုံးမလွဲစေရဘူး"

ဆရာတော်သည် သည်စကားကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သား

mgyoe.com

mgyoe.com



သား ပြောနေခြင်းပင်။ သည်ကတည်းက ဆရာတော်သည် ဆရာ သမားများကို ဂါရဝတရားကြီးစွာဖြင့် အလေးထားတတ်မှန်း ကျွန်တော်သိခဲ့ရသည်။

"မိုးကုတ်ဆရာတော်ကြီးရဲ့ တရားတွေကို နာကြည့်ပေါ့၊ ပဋိစ္စသမုပ္ပာဒ်ကိုသိမှ အကျိုးများမှာနော်။ ဘုန်းကြီးတော့ ဒီလိုပဲ ခံယူတယ်။ ဘုန်းကြီးတို့လည်း ပဋိစ္စသမုပ္ပာဒ်မသိခင်က ထောင် ထောင် ထောင်ထောင်နဲ့ပေါ့။ ပဋိစ္စသမုပ္ပာဒ်သိမှ ငါသိထားတာ တွေ ဘာမျှမဟုတ်သေးပါလားဆိုတာ သဘောပေါက်လာတယ်။ ဒီမှာတင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဉာဏ်တော်ကို ကြည် ညိုမဆုံးဖြစ်ရတာ၊ ဒါကြောင့်မို့ ဆရာပြောသမျှ တစ်လုံးမလွဲ အောင် လိုက်နာတယ်လို့ ဘုန်းကြီးပြောရတာပါ"

မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး၏ တရားတော်များအပေါ် ဤမျှအထိ ယုံကြည်မှု ကြီးမားနေရခြင်း မှာ အကြောင်းတော့ရှိမည်။ ဆရာတော်သည် ဆရာတော်ဘုရား ကြီး၏ တရားများဖြင့် တရားအမြင်အသိများ ထူးထူးခြားခြား ရခဲ့ပြီလားမသိ။ ကျွန်တော်သည် မိုးကုတ်တရားကို လက်ခံ၍ မရသေးသော်လည်း လေ့လာဦးမည်ဟုတော့ စိတ်ထဲတေးထား လိုက်မိသည်။

ထိုနေ့က အောင်ဆန်းတောရ တပ်ဦးကျောင်းမှ ပြန်လာ သောအခါ ကျွန်တော့်အာရုံတွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းကြီးကို ခဏခဏ မြင်နေမိသည်။ ထိုစက်

mgyoe.com

mgyoe.com



ဝိုင်းကြီးထဲတွင် ကျွန်တော့်အတွက် ဘာတွေများ သိစရာရှိနေပါသလဲဟုလည်း တွေးကြည့်နေမိသည်။ ဆရာတော်ထံလာခဲ့ခြင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ချိုးငှက်ကလေးများ လာနားခြင်းနှင့် သက်ဆိုင်သော ထူးခြားသောအကြောင်းကိုပင် ပြန်သတိမရနိုင်တော့ပါပေ။

(၄)

ဤသို့ဖြင့် နှစ်နှစ်ကျော် သုံးနှစ်နီးပါးအချိန်တို့ ကုန်ဆုံးသွားခဲ့သည်။ ကျွန်တော်သည် ဆရာတော်ထံ မရောက်ဖြစ်ခဲ့ပါ။ ဆရာတော်၏ တရားစခန်းပတ်များ၌လည်း မဝင်ဖြစ်ခဲ့ပါ။ ဆရာတော်ကမူ ကျွန်တော့်ကို မကြာခဏ ဖိတ်ခေါ်ပါသည်။ အောင်ဆန်းတောရမှာ လာအားထုတ်ရင် လိုအပ်ချက်တွေကို သေသေချာချာ ဖြည့်ဆည်း စီမံပေးပါ့မယ်ဟုလည်း ကတိကဝတ် ပြုသည်။ သို့သော် ကျွန်တော် မရောက်ဖြစ်ခဲ့။

ဆရာတော်ထံ သွားမည်ရည်ရွယ်တိုင်း အခြားသော ရိပ်သာများဆီသို့သာ ရောက်ဖြစ်သွားခဲ့သည်။ သန်လျင်ဘက်ရှိ ဖားအောက်တောရသို့ ရောက်သည်။ ဆရာကြီးဦးဘခင်၏ IMC မှာလည်း ဝင်၏။ မော်ဘီချမ်းမြေ့ရိပ်သာသို့လည်း ရောက်သွားတတ်၏။ ရွှေဥမင်ဓမ္မသုခ တောရ၌လည်း သွားထိုင်ဖြစ်ခဲ့၏။ မဟာဗောဓိမြိုင် ဆရာတော်ကြီးဖွင့်လှစ်သော ရွှေဘိုမြို့နယ်၊ နတ်တလူ တောရစခန်းသို့လည်း မရောက်ရောက်အောင်သွား၍ အားထုတ်ဖြစ်ခဲ့၏။ တစ်ဖက်မှာလည်း ဝန်ထမ်းဘဝတာဝန်ကြီးက

mgyoe.com